**NETWORK FOR HUMAN RIGHTS DOCUMENTATION - BURMA**
PO Box 67, CMU Post Office, Chiang Mai 50202, Thailand, Mobile: +66 (0) 819 615 992, Tel/Fax: +66 (0) 53 408 149
office@nd-burma.org, www.nd-burma.org

ရခိုင်နှင့် ချင်းပြည်နယ်တို့တွင် တိုက်ပွဲများ ပြင်းထန်လာခြင်းနှင့် ကချင်နှင့် ရှမ်းပြည်နယ်တို့တွင် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေသဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများ သိသိသာသာ များပြာလာသည်ကို ND-Burma မှတ်တမ်းများအရ တွေ့ရသည်။

**သတင်းထုတ်ပြန်ချက်**
၂၀၁၉ ခုနှစ် စက်တင်ဘာလ ၁၈ ရက်

၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ် ၇ ခုတို့တွင် ဖြစ်ပွားခဲ့သည့် လူ့အခွင့်အရေးချိုး ဖောက်မှု ၂၃၉ ခုကို ND-Burma မှ မှတ်တမ်းတင်နိုင်ခဲ့သည် (နောက်ဆက်တွဲ ၃ ကို ကြည့်ပါ)။ ၂၀၁၈ ခုနှစ်တွင် မှတ်တမ်းတင်နိုင်ခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှု ၅၂ ခုကို မှတ်တမ်း တင်နိုင်ခဲ့ရာ နှိုင်းယှဉ်ချက်အရ ၂၀၁၉ ခုနှစ် ပထမ ၆ လအတွင်းတွင်ပင် မှတ်တင်းတင်နိုင်မှုက

ယခု အစီရင်ခံသည့်ကာအတွင်း ND-Burma အဖွဲ့ဝင်များမှ မှတ်တမ်းတင်နိုင်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများမှာ သိသိသာသာ များပြားလာရာ ၂၀၁၉ ခုနှစ် ၆ လအတွင်းမှတ်တမ်းတင်နိုင်မှုက ၂၀၁၈ ခုနှစ် တနှစ်လုံး မှတ်တမ်းတင်နိုင်ခဲ့သည့် လူ့အခွင့်အရေးချိုး ဖောက်မှုများထက် ၃၆၀ ရာခိုင်နှုန်း ပိုများလာသည်ကို တွေ့ရသည်။

ရခိုင်နှင့် ချင်းပြည်နယ်တို့တွင် မြန်မာ့တပ်မတော်နှင့် ရခိုင့်တပ်မတော် (AA) တို့အကြား တိုက်ပွဲများပြင်းထန်လာမှု၏ အကျိုးဆက်အဖြစ် ထိုသို့များပြားလာခြင်းဖြစ်ပြီး ND-Burma ၏ ယခင်ကထုတ်ပြန်ခဲ့သည့် အစီရင်ခံ စာနှင့် ပြောင်းပြန်ဖြစ်စေသည်။ စိတ်ထင်တိုင်းပစ်ခတ်ခြင်း၊ လက်နက်ကြီး၊ လေယာဉ်ဖြင့်ဗုံးကြဲခြင်းတို့ကြောင့် လည်းဖြစ်သည်။ ၂၀၁၉ ခုနှစ် ဇန်နဝါရီမှ ဇွန်လအထိ တိုက်ပွဲ ၁၅၆ ကြိမ်ဖြစ်ပွားပြီး ၉၈ ကြိမ်မှာ AA နှင့် တပ်မတော်အကြား ဖြစ်ပွားခြင်းဖြစ်သည်။

မြန်မာ့တပ်မတော်မှ တိုင်းပြည်၏ မြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းတွင် တဖက်သတ်အပစ်အခတ်ရပ်စဲထားသည် ဆိုသော်လည်း ကချင်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ (EAOs) အကြား တိုက်ပွဲများဖြစ်ပွားသည်ကိုတွေ့ရသည်။ ထို့အပြင် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ အချင်းချင်းကြားလည်း တိုက်ပွဲများဖြစ်ပွားသည်ကို ND-Burma အဖွဲ့ဝင်များမှ မှတ်တမ်းတင်ထားသည်။

ယခုအစီရင်ခံသည့်ကာလအတွင်း တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား တိုက်ပွဲများ ပြင်းထန်နေပြီး အများစုမှာ ရခိုင်ပြည်နယ်တွင် ဖြစ်ပွားလျှက်ရှိရာ တိုက်ပွဲများနှင့် ဆက်စပ်ပြီး အရပ်သား များအပေါ် ကျူးလွန်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများ သိသာထင်ရှားစွာ များပြားလာသည်။ အများစုမှာ အစိုးရတပ်များက ကျူးလွန်ခြင်းဖြစ်ပြီး စိတ်ထင်တိုင်း လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခြင်း၊ လေယာဉ်ဖြင့်ဗုံးကြဲခြင်းတို့ကြောင့် အရပ်သားများ သေကြေ၊ ဒဏ်ရာရကြသည်။ အရပ်သားများနေထိုင်ရာ ရပ်ရွာများအနီးတွင် တိုက်ပွဲများဖြစ်ပွားခြင်းနှင့် စစ်ဆင်ရေးပြုလုပ်ခြင်းကြောင့် ၂၀၁၉ ခုနှစ် ပထမ ၆ လအတွင်း အရပ်သားအနည်းဆုံး ၂၇,၀၀၀ ခန့် ထွက်ပြေးတိမ်းရှောင်နေရပြီး ၎င်းတို့အနေဖြင့် မည်သည့်အချိန်တွင် လုံခြုံစိတ်ချစွာ နေရပ်ရင်းပြန်ရမည်ကို မသိကြပေ။

